# မြို့နယ် သွားဘက်ဆိုင်ရာဝန်ဆောင်မှု နှင့်ဆိုင်သောအချက်အလက်များ

**Examinations** – သင်၏ ပါးစပ်ထဲမှာ ရှိသော သွားနှင့်သွားဖုံး များ သေသေချာချာ ကျန်းမာသန့် ရှင်းနေလား ဆိုတာကို သွားဖက်ဆိုင်ရာပညာရှင် ကကြည့်ရှု့ စစ်ဆေးခြင်းကို Examination တစ်ခုဟုခေါ်သည်။ ထိုနောက် သွားဖက်ဆိုင်ရာပညာရှင် ကမိဘ (သို့) စောင့်ရှောက်သူကို ပါးစပ်ထဲတွင် မြင်တွေ့သမျှ နှင့် မည်သည့် အရာများ လုပ်ဆောင်ရန်လိုအပ်သည် ကိုရှင်းပြမည်။

**X- rays** – သင်၏သွားများကို ဓါတ်မှန် တစ်ခုရိုက်ရန် သွားဖက်ဆိုင်ရာပညာရှင် က သင်၏ ပါးစပ်ထဲသို့ ထည့်သည့် အထူးပြုလုပ်ထားသော ဖလင်ပြား တစ်ခုကို ဓါတ်မှန်ဖလင် (X- ray) ပြားတစ်ခုဟုခေါ်သည်။ ကျွန်ုပ်တို့ မျက်စိ ဖြင့်မမြင်နိုင်သော သွားကြား၊ သွားအတွင်းနှင့် သွားဖုံးထဲမှ ပြဿနာ များကို ထို ဓါတ်မှန်က သွားဖက်ဆိုင်ရာပညာရှင် ကို မြင်တွေ့အောင်ကူညီပေးသည်။ ထိုနောက် သွားဖက်ဆိုင်ရာပညာရှင်က မိဘ (သို့) စောင့်ရှောက်သူကို ပါးစပ်ထဲတွင် မြင်တွေ့သမျှ နှင့် မည်သည့် အရာများ လုပ်ဆောင်ရန်လိုအပ်သည်  ကိုရှင်းပြမည်။

**Fluoride** – သွားများခိုင်မာအောင် သွားဖက်ဆိုင်ရာပညာရှင် ကသွားပေါ်မှာထည့်သည့် အထူးပြုလုပ်ထားသောဆေးအနှစ်ကို Fluoride ဟုခေါ်သည်။

**Fissure sealants** – သွားပိုးစားခြင်းမှ ကာကွယ်ရန် သွားဖက်ဆိုင်ရာပညာရှင် ကသင်၏ အံသွား များပေါ်ရှိ မြောင်းကြားတွင်ထည့်သော အကာအကွယ် ပလပ်စတစ်အလွှာသည် Fissure sealants ဖြစ်သည်။ ထိုသို့ပြုလုပ်ရခြင်းသည် သွားပွတ်တံ အမွှေးများက သွားမြောင်းကြားများကို ကောင်းမွန်စွာ မသန့်ရှင်းနိုင်သောကြောင့်ဖြစ်သည်။

**Filling** – သွားပိုးများဖြင့် ပျက်စီးနေသော သွား၏ မျက်နှာပြင်နေရာကို ဖြည့်စည်းကာကွယ်ရန် သွားဖက်ဆိုင်ရာပညာရှင် အသုံးပြုသော အဖြူ (သို့) ငွေရောင်ပစ္စည်းကို သွားဖာသောပစ္စည်း (Filling) ဟုခေါ်သည်။ အသက်၊ သွားဘေးပတ်ဝန်းကျင်၊ သွားအရွယ်ပမာဏ နှင့် သွား၏တည်နေရာပေါ်မူတည်ပြီး အကောင်းဆုံး ဖြည့်သော ဆေးပစ္စည်းကို သွားဖက်ဆိုင်ရာပညာရှင်က မိဘ (သို့) စောင့်ရှောက်သူကို ရှင်းပြလိမ့်မည်။

**LA injection** – သွားနှင့်သွားဖုံးများ ခေတ္တခဏခံစားမှု မရှိအောင် သွားဖက်ဆိုင်ရာပညာရှင်က အသုံးပြုသော ကုသနည်းကို LA ဟုခေါ်သည်။

**SSC** – ကလေးအရွယ်၌ ပေါက်သောသွားများကို ကာကွယ်ရန် သွားဖက်ဆိုင်ရာပညာရှင်က သွားပေါ်တွင် ဖုံးအုပ်တပ်ဆင်ပေးသော ငွေရောင် အဖုံးအစွပ် ကို Crown တစ်ခုဟုခေါ်သည်။ထို ကလေးအရွယ်၌ ပေါက်သောသွားများသည် သွားပိုးများကြောင့် ယို့ယွင်း (သို့) ပျက်စီးနေချင် နေလိမ့်မည်။

**Extractions** – ပိုးဝင်နေပြီး အပေါက်ဖာခြင်း(Filling)၊ သွားကို အဖုံးအုပ်ခြင်း (Crown) (သို့) သွားပိုးရှင်းခြင်း(Pulpotomy) များဖြင့် ပြန်လည် ကုသ၍ မရသော သွားတစ်ချောင်းကို သွားဖက်ဆိုင်ရာ ပညာရှင်က နှုတ်ထုတ်ခြင်းကို Extraction ဟုခေါ်သည်။

**Pulpotomy** – သွားအပါယံ မျက်နှာပြင်ရှိ အကြောများတွင်သာ ကူးစက်ပျံ့နှံ့နေပြီး ၊ သွားအမြစ်သို့ မရောက်သေးသော သွားပိုးများကို သွားဖက်ဆိုင်ရာပညာရှင်က ရှင်းလင်းကုသပေးခြင်းကို Pulpotomy ဟုခေါ်သည်။ သွားဖက်ဆိုင်ရာ ပညာရှင်က မျက်နှာပြင်ရှိ သွားပိုး (သို့) အကြောများကို ဖယ်ရှားရှင်းလင်းပြီး သွားအမြစ်အပေါ်မှာ ဆေးထည့်ကာ ငွေရောင်အဖုံးကို သွားပေါ်တွင် အုပ်စွပ်ပေးသည်။